# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၃/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၁၁) ရက်

| ၁၁- ၇- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀၀ |
| ယူရို | ၂,၄၅၃.၉၆ |
| စင်္ကာပူဒေါ်လာ | ၁,၆၄၀.၁၁ |
| စတာလင်ပေါင် | ၂,၈၄၂.၀၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၉.၇၉ |
| တရုတ်ယွမ် | ၂၉၂.၈၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၄.၄၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၇၅ |
| မလေးရှား ရင်းဂစ် | ၄၉၃.၂၅ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၁၈ |
| ထိုင်းဘတ် | ၆၄.၅၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင် (Kolasib district) သည် ထိပ်တန်း ဆီအုန်းတင်ပို့သူအဖြစ် ပေါ်ထွက်လာ

➢ အိန္ဒိယအစိုးရမှ စားတော်ပဲ၏ အကောက်ခွန်မဲ့တင်သွင်းခွင့်ကို သက်တမ်း တိုးမြှင့်လိုက်ခြင်းသည် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်

➢ အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် ပြောင်းသီးနှံထုတ်လုပ်မှု နှစ်ဆကျော် တိုးမြှင့်နိုင်ဟု စိုက်ပျိုးရေးဝန်ကြီး ပြောကြား

- **အထွေထွေသတင်းများ**

➢ အိန္ဒိယ-မြန်မာ ကုလားတန်စီမံကိန်းသည် ၂၀၂၇ ခုနှစ်တွင် စတင်လည် ပတ်နိုင်မည်ဖြစ်ပြီး Aizawl-ကော်လ်ကတ္တား ခရီးစဉ်အား ကီလိုမီတာ ၇၀၀ လျှော့ချနိုင်မည်ဟု ဝန်ကြီး Sonowal ပြောကြား

➢ အကောက်ခွန်ဆိုင်ရာ အကြောင်းကြားစာ မရရှိသေးသည့် ကုန်သွယ်ဖက် နိုင်ငံများအနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သွင်းကုန်အားလုံးအပေါ် ကောက်ခံသည့်အခွန် (Blanket tariffs) ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းကို ရင်ဆိုင်ရဖွယ်ရှိဟု အမေရိကန်သမ္မတပြောကြား

# အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင် (Kolasib district) သည် ထိပ်တန်း ဆီအုန်း တင်ပို့သူအဖြစ် ပေါ်ထွက်လာ

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင် (Kolasib district) သည် ထိပ်တန်း ဆီအုန်း တင်ပို့သူအဖြစ် ပေါ်ထွက်လာခဲ့ပြီး၊ ဒေသခံတောင်သူများသည် ပြီးခဲ့သည့်နှစ်ကပင် လတ်ဆတ်သော အသီးအနှံများ (Fresh fruit bunches-FFBs) ရောင်းချခြင်းမှ ရူပီး ၇ ကုဋေကျော် ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ အိန္ဒိယအရှေ့မြောက်ပိုင်း ကိုလာဆစ်ခရိုင်၊ ဘွတ်ဗန်နေး (Bukvannei) တွင် တည်ရှိသော တစ်ခုတည်းသော ဆီအုန်းသန့်စင်စက်ရုံကို စီမံခန့်ခွဲသည့် Godrej Agrovet ကုမ္ပဏီ လီမိတက်၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် လတ်ဆတ်သောအသီးအနှံများ (FFBs) တန်ချိန် ၅,၃၃၅ မက်ထရစ်တန်အား ကုမ္ပဏီမှ ဝယ်ယူခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏသည် ၂၀၂၅ ခုနှစ်တွင် ရူပီး ၉ ကုဋေခန့်အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပြီး၊ ဒေသတွင်း ဆီအုန်းစိုက်ပျိုးသူများအတွက် အလားအလာကောင်းသည့် အနာဂတ်ကို ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုအား ကိုလာဆစ်ခရိုင်၊ ဒုတိယ မဟာမင်းကြီးရုံးရှိ ညီလာခံခန်းမ၌ ဒုတိယမဟာမင်းကြီး Robert C Lalhmangaiha ဦးဆောင်ကျင်းပသည့် ပြန်လည်သုံးသပ်ရေး အစည်းအဝေးတွင် မီးမောင်းထိုးပြသခဲ့ကြောင်း သိရသည်။ ၎င်းအစည်းအဝေးသို့ အစိုးရအရာရှိများ၊ ဆီအုန်းလုပ်ငန်းဆိုင်ရာ မိတ်ဖက်များနှင့် တောင်သူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဆီအုန်း စိုက်ပျိုးမှု၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို အကဲဖြတ်ခဲ့ကြကြောင်း သိရသည်။

ဒုတိယမဟာမင်းကြီးက ဆီအုန်းသည် ဗဟိုအစိုးရမူဝါဒအောက်တွင် "ဦးစားပေးသီးနှံ" ဖြစ်လာပြီး ဒေသီရှိထိပ်တန်းအရာရှိများ၏ အာရုံစိုက်မှုကို ရရှိနေပြီဖြစ်ကြောင်း၊ "ကိုလာဆစ်ခရိုင်ကို ဗဟိုအာဏာပိုင်များ လာရောက်လည်ပတ်ခြင်းက ဆီအုန်းစိုက်ပျိုးရေးနဲ့ တောင်သူတွေကို ပေးအပ်ထားတဲ့ အရေးပါမှုကို ထင်ဟပ်စေပါတယ်" ဟု ပြောကြားခဲ့ပြီး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို ပြောင်းလဲနိုင်သည့် အဆိုပါသီးနှံ၏အလားအလာကို အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

မီဇိုရမ်ပြည်နယ်တွင် ဆီအုန်းစိုက်ပျိုးခြင်းကို ပြည်နယ်အစိုးရနှင့် Godrej Agrovet ကုမ္ပဏီ လီမိတက် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကိုလာဆစ်နှင့် မာမစ်ခရိုင် (Mamit district) တို့ကို ပန်းတိုင်ရည်မှန်းချက်ထား၍ ၂၀၀၅ ခုနှစ်က စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြည်နယ်တွင် စုစုပေါင်းဆီအုန်း စိုက်ပျိုးဧက ၂၆,၆၈၀ ဟက်တာခန့်ရှိပြီး၊ ၎င်းအနက် ၆,၉၆၅ ဟက်တာ

Agribusiness & Trade

မှာ ကိုလာဆစ်ခရိုင်တစ်ခုတည်းတွင်ရှိကာ ကျေးရွာပေါင်း ၂၉ ရွာမှ တောင်သူ ၂,၁၀၀ ကျော် ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီဇိုရမ်ပြည်နယ်သည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသရှိ ဆီအုန်းစိုက်ပျိုးဧရိယာ၏ ၇၈ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး၊ ဗဟိုအစိုးရ၏ စားသုံးဆီ–ဆီအုန်းဆိုင်ရာ အမျိုးသားမစ်ရှင် (National Mission on Edible Oils–Oil Palm-NMEO–OP) တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အစီအစဉ်အောက်တွင် အစိုးရသည် ကိုလာဆစ်နှင့် မာမစ်ခရိုင်ရှိ တောင်သူများကို ကူညီပံ့ပိုးရန်အတွက် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွက် ဖြစ်နိုင်ခြေကွာဟမှုအတွက် ပေးချေမှုများ (Viability gap payments) အဖြစ် ရူပီး ၂ ဒသမ ၂ ကုဋေနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ရူပီး ၇၆ သိန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုလာဆစ်ခရိုင် အစည်းအဝေးတွင် Godrej Agrovet ကုမ္ပဏီလီမိတက်၏ အကြီးတန်းဖွံ့ဖြိုးရေးအရာရှိ Lalruatkima က ယခုနှစ်တွင် ပြည်နယ်အတွင်း၌ ဆီအုန်းသန့်စင်စက်ရုံ တည်ထောင်ရန် စီစဉ်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းက “သန့်စင်စက်ရုံနဲ့ ထုပ်ပိုးမှုဌာနစိတ်တွေ ပေါ်ပေါက်လာတာနဲ့အမျှ မီဇိုရမ်မှာ စိုက်ပျိုးတဲ့ ဆီအုန်းတွေကို ပြည်ပကို တင်ပို့ရုံသာမကဘဲ ပြည်တွင်းမှာပါ သန့်စင်ထုတ်လုပ် သုံးစွဲနိုင်တော့မှာပါ” ဟု ပြောကြားခဲ့သည်။ ၎င်းက တောင်သူများ၏ သွင်းအားစုနှင့် အကြံဉာဏ်ဆိုင်ရာ လိုအပ်ချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ‘ဘက်စုံဖြေရှင်းနည်း’ (One-stop solution) တစ်ရပ်ကို ဖော်ဆောင်လျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယင်းသို့ ပြည်နယ်တွင်း တိုးတက်မှုများရှိသော်လည်း စိန်ခေါ်မှုများ ရှိနေကြောင်း တွေ့ရှိရသည်။ ကိုလာဆစ်ခရိုင်ရှိ စိုက်ခင်းများ၏ ထက်ဝက်နီးပါးခန့်တွင် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများရှိနေပြီး၊ ၎င်းသည် သယ်ယူပို့ဆောင်ရေးနှင့် အမြတ်အစွန်းအပေါ် သက်ရောက်မှုရှိနေကြောင်း သိရသည်။ ရေရှားပါးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများဖြစ်သည့် မြေဆီလွှာအရည်အသွေးကျဆင်းမှုနှင့် ရိုးရာစိုက်ပျိုးရေးစနစ်များ ပျောက်ဆုံးမှုတို့ကိုလည်း သုတေသီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထောက်ပြခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ယင်းပြဿနာများကို အသိအမှတ်ပြုခဲ့ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလေ့အကျင့်များကို ဆောင်ရွက်ရန် တောင်းဆိုခဲ့ကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အရာရှိများတွင် ခရိုင်ဆီအုန်းဖုန်ကော်မတီနှင့် ခရိုင်ဆီအုန်းစိုက်

Agribusiness & Trade

တောင်သူများအသင်းမှ ကိုယ်စားလှယ်များ၊ ခရိုင်စိုက်ပျိုးရေးအရာရှိ Joseph Lalnuntluanga နှင့် Godrej Agrovet ကုမ္ပဏီလီမိတက်မှ အမှုဆောင်များ ပါဝင်ခဲ့ကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံသည် နှစ်စဉ် စားသုံးဆီ လိုအပ်ချက်မြင့်မားပြီး ပြည်ပမှ အများအပြားဝယ်ယူတင်သွင်းနေရဆဲ ဖြစ်ပါသည်။ လက်ရှိ အိမ်နီးချင်းဖြစ်သော မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင်၏ အောင်မြင်မှုပုံစံသည် ပြည်တွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် အစိုးရ၏ ပံ့ပိုးမှု၊ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုနှင့် တောင်သူများ၏ ပူးပေါင်းပါဝင်မှုတို့ မည်မျှအရေးကြီးကြောင်း ပြသလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဆီအုန်းစိုက်ပျိုးရေးအတွက် သင့်လျော်သည့် ဒေသများကို ဖော်ထုတ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးမှုနည်းလမ်းများ၊ ထုတ်လုပ်မှုနှင့် သန့်စင်မှုဆိုင်ရာနည်းပညာများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပြည်တွင်းစားသုံးဆီ လုံလောက်မှုကို တိုးမြှင့်နိုင်ပြီး၊ တောင်သူများ၏ လူမှုစီးပွားဘဝကိုလည်း မြှင့်တင်နိုင်မည်ဟု ယူဆရပါကြောင်း တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား
Source: The Statesman, Mizoram's Kolasib district emerging as key exporter of oil palm, June 30, 2025.

---

## အိန္ဒိယအစိုးရမှ စားတော်ပဲ၏ အကောက်ခွန်မဲ့ တင်သွင်းခွင့်ကို သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏

အိန္ဒိယနိုင်ငံအစိုးရက မကြာသေးမီက စားတော်ပဲ (Yellow Pea) ၏ အကောက်ခွန်မဲ့ တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် အိန္ဒိယပြည်သူတို့၏ စားသုံးဆီကဏ္ဍတွင် တွေ့ကြုံခဲ့ရသည့် ဆိုးရွားသော အခြေအနေကို ထပ်မံဖြစ်ပေါ်စေနိုင်ပြီး အိန္ဒိယ တောင်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်ကြောင်း ဆောင်းပါးရှင် TR Kandasamy က ယခုလ ၁ ရက်နေ့က Hindu Businessline ၌ သုံးသပ်ရေးသားဖော်ပြထားပါသည်။

လက်ရှိတွင် သုညရာခိုင်နှုန်း အခွန်ဖြင့် တင်သွင်းလျက်ရှိသော စားတော်ပဲများသည် အိန္ဒိယနိုင်ငံ၏ ရိုးရာပဲမျိုးများဖြစ်သည့် ကုလားပဲ (Chana) နှင့် ပဲစင်းငုံ (Tur)တို့ကို တွန်းတွန်းတိုက်တိုက်ဖြင့် အစားထိုးနေရာယူလျက်ရှိကြောင်း၊ အဆိုပါ တင်သွင်းလာသော စားတော်ပဲများ၏ ဆိပ်ကမ်းအရောက် ကုန်ကျစရိတ်မှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၅၀၀ သာရှိပြီး ၎င်းသည် အိန္ဒိယနိုင်ငံရှိ ပဲအမျိုးအစား၏ ကြမ်းခင်းဈေး (Minimum Support Price- MSP) ၏ တစ်ဝက်မျှပင်မရှိသဖြင့် အိန္ဒိယတောင်သူများ၏ ထွက်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းမရှိစေဘဲ စီးပွားရေးအရ တွက်ခြေမကိုက်ဖြစ်စေကြောင်း ဖော်ပြထားသည်။ စက်တင်ဘာလတွင် ကနေဒါနိုင်ငံမှ စားတော်ပဲသစ်များ ရောက်ရှိလာမည်ဟု မျှော်မှန်းထားသဖြင့် ဈေးနှုန်းများ ယခုထက် ပိုမိုကျဆင်းနိုင်ကြောင်း ၎င်းမှ ခန့်မှန်းထားသည်။

ပြည်ပမှ အကောက်ခွန်မဲ့ စားတော်ပဲများ ဆက်လက်ဝင်ရောက်မှုသည် တောင်သူများ၏ ပြည်တွင်းပဲထုတ်လုပ်မှုကို မလွှဲမသွေ ထိခိုက်ပျက်စီးစေမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ပင် ပြန်မရနိုင်သော တောင်သူများသည် ပဲစိုက်ပျိုးခြင်းကို စွန့်လွှတ်ကြမည်ဖြစ်ပြီး ၎င်းသည် ကိုယ့်အားကိုယ်ကိုးနိုင်မှုတွင် ဆိုးရွားသော ကျဆင်းမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပြည်ပမှ တင်သွင်းမှုအပေါ် အလွန်အကျွံမှီခိုခြင်းသည် သမာရိုးကျ စီးပွားရေးကျဆင်းမှုထက် ပိုမိုကြီးမားသော အန္တရာယ်ကို ဆောင်ကြဉ်းလာကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ အဖြစ်အပျက်များက ပြသခဲ့သည့်အတိုင်း စားနပ်ရိက္ခာဖူလုံရေးသည် အမျိုးသားလုံခြုံရေးအတွက် အရေးကြီးဆုံးဖြစ်ကြောင်း ဆောင်းပါးရှင်က ဖော်ပြထားသည်။

စားတော်ပဲအပေါ် ကုလားပဲ၏ ကြမ်းခင်းဈေး (MSP) နှင့် ညီမျှအောင် သိသာထင်ရှားသော သွင်းကုန်ခွန်ချမှတ်ဆောင်ရွက်ခြင်းသည် ကာကွယ်ရေးဆိုင်ရာ အစီအမံတစ်ခုမျှသာ မဟုတ် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးအခြေအနေကို ကာကွယ်ရန်၊ တောင်သူများကို စွမ်းပကားမြှင့်တင်ရန်နှင့် ပြင်ပအားနည်းချက်များမှ နိုင်ငံ၏ ခံနိုင်ရည်ရှိမှုကို သေချာစေရန်အတွက် မဟာဗျူဟာမြောက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ကြောင်း အစိုးရအား အကြံပြုပြောကြားခဲ့သည်။

မကြာသေးမီက အိန္ဒိယဗဟိုအစိုးရသည် စားသုံးဆီအပေါ် တင်သွင်းခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ရုံသာမက စားတော်ပဲအတွက် အကောက်ခွန်မဲ့ တင်သွင်းခွင့်ကာလကိုလည်း သက်တမ်းတိုးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု၏ အကျိုးဆက်များကို ပြည်သူတို့ ခံစားနေရပြီး၊ ဟင်းသီးဟင်းရွက်ဆီသုံးစွဲမှု၏ ၆၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းမှု

Agribusiness & Trade

များဖြင့် ဖြည့်ဆည်းနေရသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း၊ ၁၉၉၀ ခုနှစ်မတိုင်မီက စားသုံးဆီတင်သွင်းမှုကို ကန့်သတ်ထားရှိခဲ့ရာ ပြည်တွင်းထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းရှိပြီး ကျန် ၃၀ ရာခိုင်နှုန်းကိုသာ အစိုးရက တင်သွင်းကာ ပြည်တွင်း၌ ရောင်းချခဲ့ကြောင်း၊ ဆောင်းပါးရှင်က လက်ရှိ စားတော်ပဲတင်သွင်းမှု မူဝါဒကို စားသုံးဆီတင်သွင်းမှု မူဝါဒအပြောင်းအလဲကြောင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်ခဲ့ရသလို ထိခိုက်မှုရှိလာနိုင်သည့် အခြေအနေကို နှိုင်းယှဉ်ဝေဖန်သုံးသပ်ထားကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်နွံအောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Yellow peas duty-free imports hurt food security, July 1, 2025.

......................................................................................................................................................

## အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် ပြောင်းသီးနှံထုတ်လုပ်မှု နှစ်ဆကျော် တိုးမြှင့်နိုင်ဟု စိုက်ပျိုးရေးဝန်ကြီး ပြောကြား

အိန္ဒိယနိုင်ငံသည် လက်ရှိ ပြောင်းသီးနှံထုတ်လုပ်မှု တန်ချိန် ၄၂ ဒသမ ३ သန်းမှ ၂၀၄၇ ခုနှစ်တွင် တန်ချိန် ၈၆ သန်းအထိ နှစ်ဆကျော် တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်းနှင့် ကစီဓာတ်ပိုမိုပါဝင်ပြီး အထွက်နှုန်းမြင့်မားသောမျိုးစေ့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ယခုလ ၇ ရက်နေ့က ပြောကြားခဲ့သည်။

FICCI အသင်းမှ ကြီးမှူးကျင်းပသည့် (၁၁) ကြိမ်မြောက် ပြောင်းသီးနှံထိပ်သီးညီလာခံ (The 11th maize summit) တွင် ကမ္ဘာ့ပဉ္စမအကြီးဆုံး ပြောင်းထုတ်လုပ်သည့်နိုင်ငံအနေဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော မျိုးစေ့များ အသုံးမပြုဘဲ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းကပြော ကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ မျိုးရိုးဗီဇပြုပြင်ထားသော မျိုးစေ့များကို အသုံးပြုထားခြင်းမရှိပါဘူး။ အဲဒီလို အသုံးမပြုထားပေမယ့် ထုတ်လုပ်မှုအဆင့်ကို မြှင့်တင်နိုင်ဆဲဖြစ်ပါတယ်" ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပျမ်းမျှပြောင်းသီးနှံထုတ်လုပ်မှုစွမ်းအားသည် တစ်ဟက်တာလျှင် ३ ဒသမ ၇ တန်ရှိပြီး၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘီဟာပြည်နယ်ကဲ့သို့သော အချို့ပြည်နယ်များသည်

နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှနှုန်းထက် ပိုမိုမြင့်မားစွာ စွမ်းဆောင်နိုင်သော်လည်း ခြုံငုံကြည့်ပါက အထွက်နှုန်းများကို တိုးမြှင့်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယ စိုက်ပျိုးရေးဆိုင်ရာ သုတေသနကောင်စီ (Indian Council of Agricultural Research-ICAR) အနေဖြင့် ပြောင်းမျိုးစပ် ၇၇ မျိုးနှင့် ဇီဝအာဟာရဖြည့်တင်းထားသော မျိုး ၃၅ မျိုး အပါအဝင် ပြောင်းသီးနှံမျိုးကွဲပေါင်း ၂၆၅ မျိုးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်လုပ်ဆောင်ရန်များစွာ ကျန်ရှိနေသေးကြောင်း ဝန်ကြီး၏အဆိုအရ သိရသည်။

"ပြောင်းသီးနှံတွင် ကစီဓာတ်ပါဝင်မှုကို တိုးမြှင့်ရန် လိုအပ်ပါတယ်။ လက်ရှိ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းရှိသည့်အဆင့်မှ ၇၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် လိုအပ်ပြီး၊ သို့မှသာ ၎င်းကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြောင်းသီးနှံထုတ်လုပ်မှုသည် ၁၉၀၀ ပြည့်နှစ်များတွင် တန်ချိန် ၁၀ သန်းရှိခဲ့ရာမှ လက်ရှိတွင် တန်ချိန် ၄၂ ဒသမ ၃ သန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ပြောင်းထုတ်လုပ်မှုတိုးမြှင့်ရန်အတွက် စပါးစိုက်ပျိုးမှုကို အဓိကထားသည့် Punjab နှင့် Haryana ကဲ့သို့သော ပြည်နယ်များသည် ပြောင်းသီးနှံအား ကူးပြောင်းစိုက်ပျိုးသင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂,၄၀၀ ရှိသော ကြမ်းခင်းဈေး (MSP) အောက်တွင် ရှိခဲ့သည့် ပြောင်းဈေးနှုန်းများသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် အစိုးရမှ အီသနောရောစပ်မှု ပန်းတိုင် ရည်မှန်းချက် ၂၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ပြီးနောက်ပိုင်းတွင် ပြန်လည်ခိုင်မာလာခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

ဝန်ကြီးက အရည်အသွေးမပြည့်မီသော မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ ရောင်းချမှုအပေါ် စိုးရိမ်ကြောင်း ဖော်ပြခဲ့ပြီး၊ ယင်းသို့ ထောက်ပံ့ရောင်းချသူများနှင့် ထုတ်လုပ်သူများကို အရေးယူနိုင်မည့် မူဝါဒ မူဘောင်တစ်ရပ် ချမှတ်ရန်လည်း တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကြက်မွေးမြူရေးလုပ်ငန်း ကိုယ်စားလှယ်များက ပြောင်းအစာဈေးနှုန်း မြင့်တက်လာမှုအပေါ် စိုးရိမ်ကြောင်း ပြောကြားရာတွင်၊ Chouhan က "တောင်သူများကို ဈေးကောင်းရပါစေ၊ ကျွန်တော်တို့က ခင်ဗျားတို့ရဲ့ ပြဿနာကို အခြားနည်းလမ်းနဲ့ ဖြေရှင်းပေးပါ့မယ်။ ထုတ်လုပ်မှုကတော့ ဆက်လက်တိုးတက်ရမှာပါ" ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ ထို့အပြင် Corteva Agriscience ၏ တောင်အာရှဆိုင်ရာ ဥက္ကဋ္ဌနှင့် FICCI ၏ စိုက်ပျိုးရေးကော်မတီ ပူးတွဲဥက္ကဋ္ဌဖြစ်သူ

Subroto Geed က ပြောင်းသီးနှံ၏ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟချက်ကို ပေါင်းကူးပေးရန် အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆန်းသစ်တီထွင်မှုများ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India aims to double maize output to 86 mn tonne by 2047: Agri Minister, July 7, 2025

.................................................................................................................

**အိန္ဒိယ-မြန်မာ ကုလားတန်စီမံကိန်းသည် ၂၀၂၇ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဖြစ်ပြီး Aizawl-ကော်လ်ကတ္တား ခရီးစဉ်အား ကီလိုမီတာ ၇၀၀ လျှော့ချနိုင်မည်ဟု ဝန်ကြီး Sonowal**

အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းနှင့် ကျန်ဒေသများအကြား အကွာအဝေးကို လျှော့ချရန် ရည်ရွယ်သည့် အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကုလားတန်စီမံကိန်းကို ၂၀၂၇ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယ ပြည်ထောင်စု ဝန်ကြီး Sarbananda Sonowal က ယခုလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်း အဆင်သင့်ဖြစ်ပါက မီဇိုရမ်ပြည်နယ် Aizawl မြို့တော်နှင့် အနောက် ဘင်္ဂလားပြည်နယ်၊ ကော်လ်ကတ္တားမြို့တော်တို့အကြား အကွာအဝေးသည် ကီလိုမီတာ ၇၀၀ အထိ တိုတောင်းသွားမည်ဖြစ်ကြောင်း Guwahatu တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဝန်ကြီး Sonowal က ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရှိ စစ်တွေဆိပ်ကမ်းသည် ယခုအခါအဆင်သင့်ဖြစ်နေပြီဖြစ်ပြီး၊ ယခုအခါ Aizawl သို့ လမ်းပိုင်းချိတ်ဆက်မှုများ တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ကုလားတန် မြစ်ကြောင်း ဘက်စုံသုံးနယ်မြေ ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းတစ်ခုလုံးကို ၂၀၂၇ ခုနှစ် တွင် စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း" ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ဆိပ်ကမ်း၊ သင်္ဘောနှင့် ရေလမ်းကြောင်းဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ Mr.Sonowal က ၎င်း၏ဝန်ကြီးဌာနသည် အဆိုပါစီမံကိန်း၏ ရေလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ရူပီးကုဋေ ၁,၀၀၀ ရင်းနှီးမြှုပ်နှံထားပြီး ကျန်လုပ်ငန်းများကို အခြားအေဂျင်စီများက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အရှေ့မြောက်ဒေသသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသာယာဝပြောမှုကို ပြန်လည်ရှင်သန်စေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ဝန်ကြီးချုပ် Narendra Modi က သယ်ယူပို့ဆောင်ရေးမှတစ်ဆင့် အသွင်ကူးပြောင်းမှုကို ဖော်ဆောင်သင့်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်း၏ညွှန်ကြားချက်အတိုင်း အရှေ့မြောက်ပိုင်းကို တောင်အာရှ၏ စီးပွားရေးအချက်အချာနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေလိုပြီး၊ ထိုသို့ဖြစ်မြောက်ရန်အတွက် ရေလမ်းကြောင်းများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း" ဝန်ကြီး Sonowal က ပြောကြားခဲ့သည်။

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးနယ်မြေ ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းဆိပ်ကမ်းများမှ မြန်မာနိုင်ငံသို့ ကုန်စည်များတင်ပို့ရန်နှင့် အရှေ့တောင်အာရှနိုင်ငံမှတစ်ဆင့် အရှေ့မြောက်ပိုင်းသို့ ကုန်စည်များတင်ပို့ရန်အတွက် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖန်တီးရန် နှစ်နိုင်ငံပူးပေါင်းဖော်ထုတ်ခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

## သုံးသပ်တင်ပြချက်

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်ရေး၊ အိမ်နီးနားချင်းကောင်း ပီသစွာဆက်ဆံနိုင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွားနှင့် နှစ်ဘက်ပြည်သူများ၏ အကျိုးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား ပြည်ပရေးရာဌာန ဝန်ကြီးတို့သည် အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးနယ်မြေဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း၏ မူဘောင်သဘောတူစာချုပ်နှင့် ပရိုတိုကောတို့ကို နယူးဒေလီမြို့၌ ၂၀၀၈ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၀ သန်းခန့် ဖြစ်ကြောင်း သိရပါသည်။

စီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကော်လ်ကတ္တား Syama Prasad Mookerjee ဆိပ်ကမ်းမှ မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းသို့ ပထမဆုံး ကုန်တင်သင်္ဘောခရီးစဉ် ပြေးဆွဲခြင်း အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့၊ နံနက်ပိုင်း၌ ကော်လ်ကတ္တားမြို့၊ Netaji Subhas Dock တွင် ကျင်းပပြုလုပ်ခဲ့ရာ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးတင်မိုး တက်ရောက်ခဲ့ပါသည်။

Agribusiness & Trade

အဆိုပါ MV-ITT LION (V-273) အမည်ရှိ အိန္ဒိယကုန်တင်သင်္ဘောသည် တန်ချိန် ၁၀၀၀ ခန့်ရှိသော ဘိလပ်မြေအိတ်များကို တင်ဆောင်ကာ ကော်လ်ကတ္တား Syama Prasad Mookerjee ဆိပ်ကမ်းမှ မြန်မာနိုင်ငံစစ်တွေ ဆိပ်ကမ်းသို့ စတင်ထွက်ခွာလာခဲ့ရာ၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၊ စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၊ ဆိပ်ကမ်း၊ သင်္ဘောနှင့် ရေလမ်းကြောင်းဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး Shri Sarbananda Sonowal က မြန်မာတာဝန်ရှိသူများနှင့်အတူ အခမ်းအနားဖြင့် လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြန်မာနှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ပွင့်လန်းလာခြင်း၊ ဒေသခံတိုင်းရင်း သားပြည်သူများအနေဖြင့် ရေကြောင်းသွားလာမှုကိုအခြေခံသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu, Kaladan project between India, Myanmar to be operational by 2027: Sonowal, July 7, 2025.

Tribusiness & Trade

**အကောက်ခွန်ဆိုင်ရာ အကြောင်းကြားစာ မရရှိသေးသည့် ကုန်သွယ်ဖက်နိုင်ငံများအနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သွင်းကုန်အားလုံးအပေါ် ကောက်ခံသည့်အခွန် (Blanket tariffs) ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းကို ရင်ဆိုင်ရဖွယ်ရှိဟု အမေရိကန်သမ္မတပြောကြား**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အကောက်ခွန်ဆိုင်ရာ အကြောင်းကြားစာ မရရှိသေးသည့် ကုန်သွယ်ဖက်နိုင်ငံများအနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သွင်းကုန်အားလုံးအပေါ် ကောက်ခံသည့် အခွန် (Blanket tariffs) ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

အကယ်၍ ထရန့်အနေဖြင့် ယခုလ ၁၀ ရက် (ကြာသပတေးနေ့) အထိ ပေးပို့ထားသည့် ကနေဒါ အပါအဝင် ၂၃ နိုင်ငံသို့ အကောက်ခွန်ဆိုင်ရာ အကြောင်းကြားစာများကို ထပ်မံပေးပို့ရန် အစီအစဉ်မရှိပါက အိန္ဒိယနိုင်ငံသည် အကြောင်းကြားစာ မရရှိသေးသည့် အခြားနိုင်ငံများနည်းတူ သွင်းကုန်အားလုံးအပေါ် ကောက်ခံသည့်အခွန်ကို သတ်မှတ်ခံရဖွယ်ရှိကြောင်း သိရသည်။

အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက်ကို ဩဂုတ်လ ၁ ရက်နေ့ နောက်ပိုင်း အထိ ပြီးပြတ်အောင် မချုပ်ဆိုနိုင်သေးပါက အိန္ဒိယထုတ်ကုန်များ ရင်ဆိုင်ရမည့် အကောက်ခွန်နှုန်း ထားများသည် အမေရိကန်သမ္မတ၏ နောက်ဆုံးခန့်မှန်းချက်အရ ဧပြီလ ၂ ရက်နေ့တွင် ကြေညာခဲ့ သော ၂၆ ရာခိုင်နှုန်း တန်ပြန်သွင်းကုန်ခွန် (Reciprocal tariffs) ထက် နိမ့်ကျနိုင်ကြောင်း သိရသည်။

"လူတိုင်း အကြောင်းကြားစာရဖို့ မလိုပါဘူး။ ခင်ဗျားတို့ သိပါတယ်။ ကျွန်တော်တို့က အကောက်ခွန်တွေ သတ်မှတ်နေတာပါ။ ကျန်ရှိတဲ့ နိုင်ငံအားလုံးက ၂၀ ရာခိုင်နှုန်းဖြစ်စေ၊ ၁၅ ရာခိုင် နှုန်းဖြစ်စေ ပေးဆောင်ရမယ်လို့ ပြောသွားမှာပါ။ အခုပဲ အဲဒါကို အကောင်အထည်ဖော်သွားမယ်" ဟု ထရန့်က ယခုလ ၁၀ ရက် (ကြာသပတေးနေ့) တွင် အမေရိကန်မီဒီယာနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချရန် ရည်ရွယ်၍ ထရန့်က ဧပြီလ ၂ ရက် နေ့တွင် ကုန်သွယ်ဖက်နိုင်ငံများအပေါ် တရားဝင် ထုတ်ပြန်ကြေညာခဲ့သော တန်ပြန်သွင်းကုန်ခွန် (Reciprocal tariffs) ကို ဇူလိုင်လ ၉ ရက်နေ့အထိ ကနဦး ရပ်ဆိုင်းထားခဲ့သည်။ သို့သော် သတ်မှတ် ချိန်အတွင်း သဘောတူညီချက်အနည်းငယ်သာ ရရှိခဲ့ပြီးနောက် အမေရိကန်အစိုးရက နောက်ဆုံး သတ်မှတ်ရက်ကို ဩဂုတ်လ ၁ ရက်နေ့အထိ တိုးမြှင့်ခဲ့ကြောင်း သိရသည်။ ယင်းတို့တွင် ယူကေ နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် အကန့်အသတ်ဖြင့် သဘောတူညီရရှိခဲ့သော်လည်း အသေးစိတ်မပြီး ပြတ်သေးကြောင်း သိရသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သော အိန္ဒိယ ကုန်သွယ်ရေးဆိုင် ရာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့သည် စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍများအပါအဝင် အမေရိကန်ပြည် ထောင်စု၏ တင်းကျပ်သော တောင်းဆိုမှုများကြောင့် ကြားဖြတ်ကုန်သွယ်ရေး သဘောတူညီချက် ရရှိရန် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်းမရှိပဲ ယခုလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ဝါရှင်တန်ဒီစီမှ ပြန်လည် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အိန္ဒိယစေ့စပ်ညှိနှိုင်းရေးအဖွဲ့သည် လာမည့်ရက် သတ္တပတ်တွင် ဝါရှင်တန်ဒီစီသို့ ထပ်မံသွားရောက်ဖွယ်ရှိကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြား ခဲ့သည်။

Agribusiness & Trade

ကနေဒါနိုင်ငံသည် ပြီးခဲ့သည့် ကြာသပတေးနေ့တွင် အမေရိကန်ပြည်ထောင်စုထံမှ အကောက်ခွန်ဆိုင်ရာ အကြောင်းကြားစာကို နောက်ဆုံးလက်ခံရရှိခဲ့သည့် နိုင်ငံဖြစ်ပြီး ဩဂုတ်လ ၁ ရက်နေ့မှစ၍ အကောက်ခွန် ၃၅ ရာခိုင်နှုန်း ပေးဆောင်ရန် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်ဆိုင်ရာ အသိပေးကြောင်းကြားစာများ လက်ခံရရှိခဲ့သည့် အခြားနိုင်ငံများမှာ အယ်လ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘရာဇီး၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်၊ ကာဇက်စတန်၊ လာအို၊ လစ်ဗျား၊ မလေးရှား၊ မော်လ်ဒိုဗာ၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဆားဘီးယား၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် တူနီးရှားတို့ ဖြစ်ကြောင်း သိရသည်။ အများစုမှာ ဧပြီလ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော တန်ပြန်သွင်းကုန်ခွန်နှုန်းထားများနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့်မည်သည့် ပို့ကုန်အမျိုးအစားမဆို အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု၏ အသိပေးသဝဏ်လွှာအား လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀၁ ဒသမ ၉ သန်းခန့်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၃ သန်း ကျော်ခန့်သာရှိကြောင်း သိရပါသည်။ အဓိကတင်ပို့လျက်ရှိသော ကုန်ပစ္စည်းအမယ်များအနက် အထည်ချုပ်ကဏ္ဍမှ ပို့ကုန်များက အများဆုံးနေရာယူလျက်ရှိပြီး၊ ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာထွက်ကုန်ကဏ္ဍနှင့် သစ်တောထွက်ပစ္စည်းကဏ္ဍမှ ထွက်ကုန်အချို့လည်း ပါဝင်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် လိုအပ်ပါက အိန္ဒိယနိုင်ငံကဲ့သို့ အထူးစေ့စပ်ညှိနှိုင်းရေးအဖွဲ့စေလွှတ်၍ ဆွေးနွေးညှိနှိုင်းခြင်းကဲ့သို့ ဆောင်ရွက်သင့်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Trump says those not sent tariff letters may face blanket tariffs of 15% or 20% on Aug 1, July 11, 2025

…………………………………………………………………………………………….

Agribusiness & Trade